**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ DMA/SSE/NM/၀၆/၂၀၂၅

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၂-၅-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ပဆ-၂/လက(DCA)Spaceflight(၅/၇၁)

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မြို့ပြလေကြောင်းစီမံအုပ်ချုပ်ရေးအဖွဲ့အစည်းမှ ၁၂-၅-၂၀၂၅ ရက်နေ့ ၁၆:၁၂ နာရီအချိန်တွင် Aerospace Flight လွှပ်ရှားမှုကိစ္စနှင့်ပတ်သက်၍ ကြိုတင်သတိပေးချက်(ကြေးနန်း) ပေးပို့အကြောင်းကြားလာပါသည်။

၂။ အဆိုပါ ကြိုတင်သတိပေးချက်တွင် အာကာသယာဉ်၏လှုပ်ရှားမှု (Aerospace Flight Activities) သည် ၂၉-၅-၂၀၂၅ ရက်နေ့မှ ၃၁-၅-၂၀၂၅ ရက်နေ့အတွင်း နေ့စဉ်နံနက် ၀၈:၃၀ နာရီမှ မွန်းလွဲ ၁၂:၃၀ နာရီအချိန်အတွင်းတွင် ဖြစ်နိုင်ခြေရှိကြောင်း၊ Aerospace Flight အစိတ်အပိုင်းများသည် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ မြန်မာ့ရေပိုင်နက်သို့ ကျရောက်နိုင်ကြောင်းနှင့် မြေပြင်မှ အမြင့်ပေအကန့်အသတ်မရှိ သက်ရောက်နိုင်ကြောင်း၊ ခန့်မှန်းကျရောက်နိုင်သည့် ဧရိယာကို အောက်ဖော်ပြပါအတိုင်း အသိပေးအကြောင်းကြားလာပါသည်-

| **Point** | **Latitude** | **Longitude** |
|---|---|---|
| A | 16°51'00" N | 093°45'00" E |
| B | 16°57'00" N | 093°17'00" E |
| C | 17°50'00" N | 093°29'00" E |
| D | 17°44'00" N | 093°57'00" E |

၃။ အဆိုပါခန့်မှန်းအချိန်ကာလအတွင်း ခန့်မှန်းကျရောက်မည့်ဧရိယာမှာ မာန်အောင်လေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် (၆၁) မိုင်ခန့်၊ သံတွဲလေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် (၄၇) မိုင်ခန့်နှင့် ပုသိမ်လေဆိပ်၏ အနောက်ဘက် ရေမိုင် (၅၈) မိုင်ခန့်အကွာ ဘင်္ဂလားပင်လယ်အော်အတွင်းတွင် ကျရောက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ ကျရောက်နိုင်သည့် ဧရိယာမြေပုံအား **နောက်ဆက်တွဲ**ဖြင့် ဖော်ပြအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၉-၅-၂၀၂၅ ရက်နေ့မှ ၃၁-၅-၂၀၂၅ ရက်နေ့အတွင်း နေ့စဉ်နံနက် ၀၈:၃၀ နာရီ မှ မွန်းလွဲ ၁၂:၃၀ နာရီအချိန်အတွင်းတွင် အထက်ဖော်ပြပါတည်နေရာများအတွင်း၌ Aerospace Flight အစိတ်အပိုင်းများကျရောက်နိုင်ပါသဖြင့် သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားရေယာဉ်များနှင့် စက်တပ်သမ္ဗန်များ ၎င်းဧရိယာအတွင်း ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုကြပါရန်နှင့် အဆိုပါဧရိယာအနီးမှ လွတ်ကင်းစွာ သတိပြုမောင်းနှင်သွားကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

နောက်ဆက်တွဲ

## 08:30 A.M to 12:30 P.M (from 29 to 31 May 2025)

